လက်ပံတန်း။ ၉ ရက်၊ မေ၊ ၂၀၁၅။ ၁၂၀၀ နာရီ။

၁။ အများပြည်သူရှေ့စစ်ဆေးသောတရားခွင်ဖြစ်သင့်ပါသည်။
တရားစီရင်ရေးအားနည်းချက်များနှင့် ကြုံတွေ့ နေရပါသည်။
တရားသူကြီးကိုယ်တိုင်လုပ်ပိုင်ခွင့်မရှိသည့် အခြေအနေများကြောင့် မိဘဆွေမျိုးများနှင့်
ပြည်သူများကြားနာနိုင်ခြင်းမရှိဘဲ လုံခြုံရေးအင်အားအများအပြားသုံးပြီး ရှေ့နေ၊
တရားခံနှင့်တရားသူကြီးသာ တံခါးပိတ်စစ်ဆေးသောတရားခွင်ဖြစ်နေပါသည်။
မှန်ကန်သောပွင့်လင်းသောအများရှေ့မှောက်စစ်ဆေးခွင့်
ရရှိသည့်တရားခွင်အခြေအနေမျိုးရလိုသည်။

၂။ တရားစွဲရာတွင်လည်း ဥပမာ ပုဒ်မ (၁၈) ဆိုလျှင်
သပိတ်စစ်ကြောင်းဖြတ်ကျော်သွားသည့်မြို့နယ်တိုင်းတွင်စွဲခံရရာအပြုံးတကြီးဖြင့်အမှုကိုမကြီးကြီးအောင်ရည်ရွယ်ချက်ဖြင့်ချဲ့နေသည်ဟုခံစားရပါသည်။

၃။ ဖမ်းဆီးခံကျောင်းသားများနှင့်ပြည်သူများအတွက် ပြုလုပ်ကြသော အပြစ်မဲ့သည့် ဆုတောင်းပွဲ၊
ကပ်ခွာစာတမ်း (sticker campaign)၊ ဆန္ဒ ထုတ်ဖော်ပွဲ၊ ထောက်ခံပွဲ တို့ကို လည်း
အင်အားသုံးဖမ်းဆီးမှုများ ပြုလုပ်နေသည်ကိုကြည့်ခြင်းဖြင့် ရန်ငြိုးထားခံရသည့်ပုံ
ပေါ်လွင်နေပါသည်။

၄။ မိမိတို့မှာအစိုးရကိုဆန့်ကျင်နေကြခြင်းမဟုတ်ပါ။ ရိုးရိုးသားသားဖြင့်
တိုင်းပြည်တိုးတက်ရန်ပြုလုပ်ရသော
ပြုပြင်ပြောင်းလဲရေးတွင် ပညာရေးကစပြီးပြုပြင်မှသာဖြစ်မည် ဟုယုံကြည်ကြသည့်အတိုင်း မိမိတို့၏
ဆန္ဒကို တိုင်းပြည်အတွက် ငြိမ်းချမ်းစွာထုတ်ဖော်ခဲ့ကြခြင်းဖြစ်ပါသည်။

၅။ အစိုးရဘက်မှထားရှိခဲ့သောအကြမ်းဖက်နှိမ်နင်းခြင်း
မပြုဟူသောကတိကို ယုံကြည်လေးစားခဲ့သဖြင့် သပိတ်ကို ဆက်လက်လုပ်ဆောင်ခဲ့ရာတွင်
မိမိတို့ဘက်မှ နေ၍ သပိတ်အစမှအဖမ်းခံကြရချိန်အထိ တလျှောက်လုံးတွင် မည်သည့်အခါကမျှ
ဆဲဆို၊ ရန်မူ၊ ရိုက်နှက်ခြင်းများ ဘယ်အခါကမှမရှိခဲ့ပါ။

၆။ ယခု အဖြစ်အပျက်မှာ မိမိတို့မှအကြမ်းဖက်ခံရခြင်းဖြစ်သည်။ လှည်းတန်း၊ ကမာရွတ်
ဆန္ဒပြမှုများဖြစ်ခဲ့သည်မှာ ပေးထားသောကတိဖျက်ခံရပြီး
ပင်မသပိတ်အကြမ်းဖက်ခံရသောကြောင့်ဖြစ်သည်။

၇ ။ယခု စွပ်စွဲ ဖမ်းဆီးခံ ကျောင်းသားများနှင့် ဝိုင်းရံပြည်သူများအားစွဲချက်တင်ထားသည့်ပုဒ်မ ငါးခု ( ပုဒ်မ ၁၄၃၊ ၁၄၅၊ ၁၄၇၊ ၃၃၂၊ ၅၀၅ (ခ) ) ကိုကြည့်လျှင် ၎င်းပြစ်မှုများကိုမိမိတို့မကျူးလွန်ခဲ့ကြောင်း၊ ၎င်းပုဒ်မများအားလုံးနှင့်မည်သို့မျှ ပြစ်မှုမမြောက်ကြောင်း ရဲဝံ့စွာပြောလိုပါသည်။

၈။ ပြည်သူလူထုနှင့်နိုင်ငံတကာမှ တောင်းဆိုနေသည့်ကြားမှ မိမိတို့ကို ဆက်လက်ဖမ်းဆီးထားခြင်းမှာ မြန်မာနိုင်ငံ၏
လက်ရှိဆောင်ရွက်နေသည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကိုနိုင်ငံတကာမှအထင်မှားစေပြီး၊ ပြည်သူလူထုမှလည်းအစိုးရကိုအကြည်ညိုပျက်စေသကဲ့သို့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး (National Reconciliation) မှု ကိုလည်း များစွာထိခိုက်စေပါသည်။

၉။ လက်ရှိမိမိတို့သည် NNER ၏ မူအတိုင်းသာဆက်သွားမည်။

၁၀။ တောင်းဆိုထားသောအချက်များကိုလွှတ်တော်မှမည်သို့ဆက်လက်ရေးဆွဲမည်ကို စောင့်ကြည့်မည်။

၁၁။ ထည့်သွင်းပြောလိုသည်မှာ မိမိတို့သည်
ဒေါ်အောင်ဆန်းစုကြည်နှင့် သဘောထားတစ်ထပ်တည်းရှိမည်။ ရွေးကောက်ပွဲကိုသပိတ်မှောက်ပါက ၎င်း၏နောက်တွင်မိမိတို့ရပ်တည်မည်။ ၎င်း အနေဖြင့်ရွေးကောက်ပွဲဝင်ရန်ဆုံးဖြတ်ပါကလည်း NLD ကိုမဲပေးစေရန် မိမိတို့ အနေဖြင့် ပြည်သူလူထုအား တိုက်တွန်းနိုးကြားသွားမည်ဖြစ်သည်။
တိကျစွာပြောလိုသည်မှာ
မိမိတို့အားလုံးနှင့်ဒီမိုကရေစီအင်အားစုများသည်သွေးမကွဲဘဲတစ်စုတစည်းတည်းတည်ရှိသည်။

#ဖမ်းဆီးခံကျောင်းသားများကိုယ်စား
မင်းသွေးသစ်၊ ဖြိုးဖြိုးအောင်၊ နန္ဒာစစ်အောင်